EMReF Enlightened Myanmar Research Foundation

ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

မေ့အသံ

အတွဲ(၁)၊ အမှတ်-၇ လစဉ်သတင်းလွှာ ဒီဇင်ဘာ ၁၁ ရက်၊ ၂၀၁၉




ဓာတ်ပုံ - ရွှေလေး

# အမျိုးသမီးပါဝင်မှု တိုးမြင့်လာဖို့ နိုင်ငံရေးပါတီများမှ စတင်ပြောင်းလဲရန် တိုက်တွန်း

**အောက်တိုဘာ ၂၃၊ ၂၀၁၉**

အမျိုးသမီးပါဝင်မှု တိုးမြင့်လာရန် အစိုးရကိုစောင့်မနေဘဲ နိုင်ငံရေးပါတီများမှ စတင်ပြောင်းလဲရန် "အမျိုးသမီးများနှင့် ရွေးကောက်ပွဲနိုင်ငံရေး" (မြန်မာ့နွေဦးစကားဝိုင်း)တွင် ပါဝင်ဆွေးနွေးခဲ့သူများက တိုက်တွန်းခဲ့ကြသည်။

လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူတစ်ဦးဖြစ်သူ ဒေါ်ချယ်ရီဇာဟောင်က "ချင်းပါတီတွေပေါင်းထားတဲ့ ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(CNLD)ကတော့ အမျိုးသမီး (၃၀) ရာခိုင်နှုန်းပါဝင်ဖို့ ဆုံးဖြတ်ချက်ချပြီးပြီ။ မူဝါဒချပြီးပြီ။ အမျိုးသမီးပါဝင်မှု အနည်းဆုံး (၃၀) ရာခိုင်နှုန်းပါဝင်လာအောင် ကျန်တဲ့ပါတီတွေလည်း ချကြပါ။ အစိုးရကို ကျွန်မတို့စောင့်နေလို့မရတော့ဘူး။ ပါတီတွေက စမှရမယ် "ဟု စကားဝိုင်းဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

အမျိုးသမီးပါဝင်မှုကို မြှင့်တင်ချင်ရင် နိုင်ငံရေးပါတီများသည် အရေးကြီးဆုံးဖြစ်ပြီး အမျိုးသမီးကိုယ်စားလှယ်လောင်းတွေကို ဘယ်လိုရွေးချယ်မလဲ၊ ဘယ်လိုမြှင့်တင်ပေးမလဲဆိုသည့်အချက်ကို စပြီးစဉ်းစားဖို့လိုသည်ဟု ရွေးကောက်ပွဲဆိုင်ရာ ပြည်သူ့လှုပ်ရှားမှုအဖွဲ့ (People's Alliance for Credible Elections- PACE) မှ

EMReF Enlightened Myanmar Research Foundation




ဓာတ်ပုံ - ရွှေလေး

အမှုဆောင်ဒါရိုက်တာ ဦးစိုင်းရဲကျော်စွာမြင့်က သုံးသပ်ပြောကြား ခဲ့သည်။

၎င်းက "အခုကျန်တဲ့ကာလတွေအတွင်းမှာ နိုင်ငံရေးပါတီတွေအနေနဲ့ အမျိုးသမီးကိုယ်စားလှယ်လောင်းအမည် တင်သွင်းခြင်းဆိုင်ရာ မဟာဗျူဟာတွေ ချမှတ်ထားမယ်ဆိုရင် ၂၀၂၀ ရွေးကောက်ပွဲမှာ အမျိုးသမီးပါဝင်မှုရာခိုင်နှုန်း မြင့်လာလိမ့်မယ်"ဟု ဆိုသည်။

နိုင်ငံရေးပါတီများကို ထိန်းကျောင်းခွင့်၊ ဖွဲ့ဖြိုးအောင်လုပ်ပိုင်ခွင့်ရှိသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည်လည်း အရေးကြီးသည့်နေရာတွင် ရှိသည်ဟု ဆက်၍ပြောသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၉-၂၀၂၂ မဟာဗျူဟာ စီမံကိန်းတွင် တန်းတူညီမျှခွင့်၊ အားလုံးပါဝင်ခွင့်ဟူသည့်အချက်များ ပါဝင်ပြီးဖြစ်သည့်အတွက် အမျိုးသမီးပါဝင်မှုမြင့်အောင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကိုယ်တိုင်က စတင်လုပ်ဆောင်ဖို့ လိုသည်ဟုဆိုသည်။ နိုင်ငံရေးပါတီများအနေနှင့် အမျိုးသမီးကိုယ်စားလှယ်လောင်းများ ပိုပြီးပါလာအောင် မည်သို့လုပ်ဆောင်မလဲ၊ ဘယ်လိုအကူအညီတွေပေးမလဲစသည်ဖြင့် အားပေးလုပ်ဆောင်ပေးဖို့ လိုသည်ဟု သိရသည်။

ဦးစိုင်းရဲကျော်စွာမြင့်က "အဲ့ဒါတွေမလုပ်ဘဲ အမျိုးသမီးပါဝင်ခွင့်ဆိုတာ အိပ်မက်သက်သက်ပဲဖြစ်နေမယ်။ နားထောင်ကောင်းတဲ့ ကိစ္စသက်သက်ပဲဖြစ်နေမယ်" ဟုဆိုသည်။

နိုင်ငံရေးပါတီတစ်ခုမှာ အမျိုးသမီးပါဝင်မှု၊ လူငယ်ပါဝင်မှုနှင့်ပတ်သက်သည့် မူဝါဒက အရမ်းအရေးကြီးပြီး အဲ့ဒီမူဝါဒကိုလည်း သေချာအကောင်အထည်ဖော်ရန် လိုအပ်သည်ဟု ပါဝင်ဆွေးနွေးသူများက ထောက်ပြခဲ့ကြသည်။ လာမည့်ရွေးကောက်ပွဲတွင် အမျိုးသမီးများ ပါဝင်လာဖို့ဆိုရင် လက်ရှိရှိနေသည့် အမျိုးသမီးအမတ်များကလည်း ကိုယ့်ရဲ့ရပ်တည်မှုကို ခိုင်ခိုင်မာမာပြသဖို့ လိုအပ်သည်ဟု မွန်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်လဲ့က ဆိုသည်။

၎င်းက "ကျွန်မတို့တွေ လုပ်နိုင်တယ်၊ လုပ်ပြနိုင်တယ်ဆိုရင် ၂၀၂၀ မှာ ကျွန်မတို့လိုပဲ အမျိုးသမီးအမတ်တွေ ရှိလာနိုင်တယ်။ အမျိုးသမီးအုပ်ချုပ်ရေးမှူးတွေရှိလာနိုင်တယ်။ အဲ့တော့ ဒီထက်ပိုပြီးအလုပ်လုပ်ပြနိုင်ဖို့ လိုပါတယ်။ ဒီထက်ပိုပြီး ကျွန်မတို့ရဲ့ ရပ်တည်မှုကို ခိုင်ခိုင်မာမာ ဆွဲကိုင်ထားဖို့ လိုပါတယ်" ဟု ဆိုသည်။

Myanmar Spring Media က စီစဉ်သည့် "အမျိုးသမီးများနှင့် ရွေးကောက်ပွဲနိုင်ငံရေး" (မြန်မာ့နွေဦးစကားဝိုင်း)ကို အောက်တိုဘာလ ၂၀ ရက်နေ့က ရန်ကုန်မြို့ Park Royal Hotel တွင်ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်သည်။

**ရွှေလေး**



ဓာတ်ပုံ - ရွှေလေး

**ဤလစဉ်သတင်းလွှာကို အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးသုတေသနစင်တာ (IDRC) ၏ ကူညီထောက်ပံ့မှုဖြင့် ထုတ်ဝေပါသည်။ သတင်းလွှာကို အခမဲ့ရယူနိုင်ရန် shweshwe.kyinhlaingg@gmail.com သို့ ဆက်သွယ်နိုင်ပါသည်။**

# ကမ္ဘာ့နိုင်ငံပေါင်း (၁၆၇) နိုင်ငံ၏ အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာညွှန်းကိန်းတွင် မြန်မာက အဆင့် (၁၅၀) တွင် ရပ်တည်




ဓာတ်ပုံ-www.nationalgeographic.com


**အောက်တိုဘာ ၁၇၊ ၂၀၁၉**

ကမ္ဘာ့နိုင်ငံပေါင်း (၁၆၇) နိုင်ငံ၏ အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ညွှန်းကိန်း (၂၀၁၉) အဆင့်သတ်မှတ်ချက်အရ မြန်မာနိုင်ငံက အဆင့် ၁၅၀ မှာ ရှိနေပါသည်။

အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး ညွှန်းကိန်းအဆင့်သတ်မှတ်ချက်အရ နော်ဝေနိုင်ငံသည် အကောင်းဆုံး နံပါတ်တစ်နေရာတွင်ရှိနေပြီး ယီမင်နိုင်ငံသည် အဆင့်သတ်မှတ်ချက် (၁၆၇) ဖြင့် အဆိုးဆုံးနိုင်ငံအဖြစ် ရှိနေသည်။ ဘရူနိုင်းနိုင်ငံမှလွဲ၍ ကျန်သည့်အာဆီယံနိုင်ငံများအနက် မြန်မာနိုင်ငံသည် အဆင့်သတ်မှတ်ချက်အဆိုးဆုံးတွင်ရှိနေသည်။ အာဆီယံနိုင်ငံများတွင် စင်္ကာပူနိုင်ငံက အဆင့် (၂၃)၊ မလေးရှားက အဆင့် (၇၃)၊ လာအိုက အဆင့် (၇၈)၊ ဖိလစ်ပိုင်က အဆင့် (၉၀)၊ ဗီယမ်နမ်နှင့် ထိုင်းနိုင်ငံက အဆင့် (၉၂)၊ အင်ဒိုနီးရှားက အဆင့် (၉၅) နှင့် ကမ္ဘောဒီးယားက အဆင့် (၁၀၂) တွင် ရှိနေသည်။

ယင်းလေ့လာချက်ကို National Geographic Magazine က လေ့လာခဲ့ခြင်းဖြစ်ပြီး "The best and worst countries to be a woman" (အမျိုးသမီးတစ်ဦးဖြစ်ရန် အကောင်းဆုံးနှင့် အဆိုးဆုံးနိုင်ငံများ) ဟူသည့် ဆောင်းပါးနှင့်အတူဖော်ပြထားသည်။ အမျိုးသမီးများအနေနှင့် လူမှုအသိုင်းအဝိုင်း၊ လုံခြုံရေး၊ ခွဲခြားဆက်ဆံခံရမှုတို့တွင် မည်သို့ရင်ဆိုင်နေရလဲဆိုသည်ကို တိုင်းတာပြီး ကမ္ဘာလုံးဆိုင်ရာ ကွဲပြားခြားနားမှုများကို နားလည်နိုင်ရန် ရှာဖွေခြင်းဖြစ်သည်ဟု National Geographic Magazine က ရေးသားထားသည်။ အမျိုးသမီးများပါဝင်မှု၊ လုံခြုံရေး၊ တရားမျှတမှု ဟူ၍ အဓိကကဏ္ဍ( ၃) ခု၊ ကဏ္ဍခွဲ (၁၁)ခုဖြင့် လေ့လာမှုပြုလုပ်ခဲ့သည်။ အမျိုးသမီးများ ပါဝင်မှုကဏ္ဍတွင် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးနယ်ပယ်များတွင် အမျိုးသမီးများပါဝင်မှုအဆင့်ကို လေ့လာခဲ့သည်။ လုံခြုံရေးကဏ္ဍတွင် အကြမ်းဖက်မှုများ ထိတွေ့မှုနှင့် ဘေးကင်းလုံခြုံမှုအခြေအနေကို လေ့လာခဲ့သည်။ တရားမျှတမှုကဏ္ဍမှာတော့ ခွဲခြားဆက်ဆံမှု အတွေ့အကြုံများ(တရားဝင်နှင့် တရားမဝင်)ကို လေ့လာခဲ့သည်ဟု သိရသည်။

**ရွှေလေး**




ဓာတ်ပုံ-www.nationalgeographic.com




ဓာတ်ပုံ - KBZ Bank

# တပြေးညီတိုးတက်ဖို့ ခေါင်းဆောင်ပိုင်းတွင် အမျိုးသမီးတွေကို တာဝန်ပေးဖို့ လိုအပ်

**အောက်တိုဘာ ၂၂၊ ၂၀၁၉**

နိုင်ငံတွင်းမှာ အားလုံး တပြေးညီ တိုးတက်ကောင်းမွန်လာဖို့ အမျိုးသမီးတွေကို ခေါင်းဆောင်ပိုင်းနေရာတွေမှာ တာဝန်ပေးအပ်ဖို့ လိုအပ်သည်ဟု သိရသည်။

ကမ္ဘောဇဘဏ်၏ ဒုတိယအမှုဆောင်အရာရှိချုပ် ဒေါ်နန်းလိုင်းခမ်းက "အမျိုးသမီးတွေအနေနဲ့ သက်ဆိုင်ရာကဏ္ဍတွေမှာ ပါဝင်ဆောင်ရွက်နိုင်ဖို့နဲ့ တစ်ဆင့်ပြီးတစ်ဆင့် တက်လှမ်းနိုင်ဖို့ အခွင့်အလမ်းတွေ ဖန်တီးပေးဖို့ဆိုတဲ့ စိတ်ကူးရည်မှန်းချက်တွေကို ကျွန်မတို့ ထောက်ပံ့အားပေးဖို့ လိုပါတယ်။ ကျွန်မတို့ကမ္ဘာကြီးကို အမျိုးသားတွေအတွက် သီးသန့်၊ အမျိုးသမီးတွေအတွက် သီးသန့်ဖန်တီးထားတာ မဟုတ်ပါဘူး။ သာတူညီမျှ အခွင့်အရေးရကြတဲ့ ကမ္ဘာကြီးတစ်ခုအဖြစ် ဖန်တီးတည်ဆောက်ဖို့ နှစ်ဘက်စလုံးရဲ့ အတွေးအမြင်တွေအားလုံးကို နားထောင်ဖို့ လိုအပ်ပါတယ်"ဟု အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အခမ်းအနားတွင် ပြောကြားခဲ့သည်။

Plan International Myanmar က ဦးဆောင်ကျင်းပသည့် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ ဂုဏ်ပြုအခမ်းအနားကို အောက်တိုဘာလ (၁၈) ရက်နေ့က ရန်ကုန်မြို့ မြန်မာပလာဇာ၌ ကျင်းပပြုလုပ်ခဲ့သည်။ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့သည် ကမ္ဘာတစ်ဝန်းလုံးမှာရှိသည့် မိန်းကလေးတွေ ရင်ဆိုင်နေရသည့် ကျား-မ တန်းတူအခွင့်အရေးရရှိရေး စိန်ခေါ်မှုကို ပိုပြီးသတိပြုလာအောင် မီးမောင်းထိုးပြနိုင်သည့် နေ့တစ်နေ့ဖြစ်သည်ဟု ဒေါ်နန်းလိုင်းခမ်းက ဆိုသည်။

Marie Stopes International Myanmar ၏ Director of Programs ဒေါက်တာမိုးမိုးက "ကျွန်မကတော့ လူကြီးတွေအနေနဲ့ လူငယ်တွေကိုနေရာပေးဖို့ လိုတယ်ဆိုတာကိုသတိရမိတယ်။ နောက်တစ်ခုက နေရာအပေးခံရတဲ့ လူငယ်တွေကလည်း တကယ်ကြိုးစားလို့ရှိရင် ကိုယ်နဲ့ထိုက်တန်တဲ့နေရာကို ရနိုင်ပါတယ်။ ဒါပေမယ့် အရေးကြီးတာက မိန်းကလေးတွေရဲ့ အရည်အချင်း၊ စွမ်းဆောင်နိုင်မှုကိုသိဖို့ နေရာပေးဖို့ဆိုတာက အရမ်းအရေးကြီးတယ်။ ပိုအရေးကြီးတာက ကျွန်မတို့ မိန်းကလေးအချင်းချင်းလည်း မိန်းကလေးတွေကို နေရာပေးဖို့၊ မိန်းကလေးတွေကို ယုံကြည်ဖို့ အရမ်းလိုအပ်ပါတယ်" ဟု အခမ်းအနားတွင် ပြောကြားခဲ့သည်။

အောက်တိုဘာလ ၁၁ ရက်နေ့တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသည့်အနေဖြင့် မြန်မာနိုင်ငံ အပါအဝင် နိုင်ငံပေါင်း (၇၀) ကျော်ရှိ အမျိုးသမီးငယ် (၁,၀၀၀) ဦးတို့သည် ကမ္ဘာလုံးဆိုင်ရာ Girls Takeover အစီအစဉ်၏ အစိတ်အပိုင်းတစ်ခုအဖြစ် နိုင်ငံရေးခေါင်းဆောင်များ၊ သတင်းမီဒီယာအကြီးအကဲများ၊ သံတမန်များ၊ စီးပွားရေးခေါင်းဆောင်များနှင့် အခြားထိပ်တန်းခေါင်းဆောင်ပိုင်းနေရာများအား တစ်နေ့တာ ပုခုံးပြောင်းတာဝန်လွှဲယူခဲ့ကြသည်။ ယခုနှစ် Girls Takeover အစီအစဉ်အတွက် Plan International Myanmar သို့ လျှောက်ထားသူပေါင်း (၃၀၀) ကျော်ရှိခဲ့ပြီး လူငယ်အမျိုးသမီး (၁၅) ဦး ရွေးချယ်ခံခဲ့ရသည်။

လူငယ်အမျိုးသမီးများအတွက် ရည်ရွယ်သည့် Girls Takeover အစီအစဉ်ကဲ့သို့ လူငယ်အမျိုးသားများအတွက် ရည်ရွယ်သည့် Boys Takeover အစီအစဉ်မျိုး လုပ်ဆောင်နိုင်ဖို့ကိုလည်း အခမ်းအနားတွင် တက်ရောက်သူတချို့က အကြံပေးခဲ့ကြသည်။

**ရွှေလေး**

# ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခတွင် ရခိုင်အမျိုးသမီးများ ကြုံတွေ့နေရသည့် စိန်ခေါ်မှုများသိရှိစေဖို့ ရခိုင်အမျိုးသမီး ငြိမ်းချမ်းရေးဖိုရမ် ကျင်းပ




နိုဝင်ဘာ ၄၊ ၂၀၁၉

ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခတွင် ရခိုင်အမျိုးသမီးများ ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို ကျယ်ပြန့်စွာ သိရှိနိုင်စေရန်နှင့် ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်တွင် ရခိုင်အမျိုးသမီးများ၏အခန်းကဏ္ဍကို မြှင့်တင်နိုင်ရန် ရည်ရွယ်၍ ရခိုင်အမျိုးသမီး ငြိမ်းချမ်းရေးဖိုရမ်ကို နိုဝင်ဘာလ (၃) ရက်နေ့က ပြုလုပ်ခဲ့သည်။

ယင်းဖိုရမ်တွင် ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်အတွင်း ရခိုင်အမျိုးသမီးများပါဝင်မှုအားနည်းခြင်း၊ စစ်ဘေးရှောင်စခန်းများရှိ ရခိုင်အမျိုးသမီးများ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများနှင့် လက်နက်ကိုင်ပဋိပက္ခအတွင်း ရခိုင်အမျိုးသမီးများ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများစသည်တို့ကို ဆန်းစစ်အဖြေရှာခဲ့ကြသည်ဟု ရခိုင်အမျိုးသမီးငြိမ်းချမ်းရေး ဖိုရမ်မှ သတင်းထုတ်ပြန်သည်။ ဖိုရမ်မှထွက်ပေါ်လာသည့် သဘောထားအမြင်များကို အခြေခံ၍ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်နေသူများကို အချက် (၆) ချက်ဖြင့် တောင်းဆိုလိုက်သည်။

ယင်းတောင်းဆိုချက်များတွင် စစ်ဘေးရှောင်များထံသို့ ပြည်တွင်း၊ ပြည်ပမှ အထောက်အပံ့များ လွတ်လပ်စွာ ပို့ဆောင်ခွင့်ပေးရန်၊ စစ်ဘေးရှောင်များ၏အသံကို လွတ်လပ်စွာ ထုတ်ဖော်ခွင့်ပြုရန်၊ လက်နက်ကိုင် ပဋိပက္ခနှင့် စစ်ဘေးရှောင်စခန်းများအတွင်း ဖြစ်ပွားသည့် လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် သီးခြားလွတ်လပ်၍ ထိရောက်သော လူ့အခွင့်အရေးစောင့်ကြည့်ရေးကော်မရှင် တစ်ရပ်ကို ပြည်ထောင်စုလွှတ်တော်၊ ပြည်နယ်လွှတ်တော်၊ ဒေသခံလူထု အသင်းအဖွဲ့များနှင့် စစ်ဘေးရှောင်များထဲမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းခွင့်ပေးရန်နှင့် ထိုကော်မရှင်မှ တင်ပြချက်များကို ပြည်ထောင်စုလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်တွင် ကြားနာ၍ ပြည်ထောင်စုနှင့် ပြည်နယ်အစိုးရများမှ တရားမျှတစွာနှင့် ပွင့်လင်းမြင်သာမှုရှိစွာ စုံစမ်းစစ်ဆေးပေးရန်တို့ ပါဝင်သည်။ ထို့ပြင် ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်နေကြသည့် ရခိုင်အမျိုးသားကိုယ်စားပြု အဖွဲ့အစည်းများမှ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ပတ်သက်၍ပြည်သူလူထုအားရှင်းလင်းချပြခြင်းကို ပိတ်ပင်တားဆီးမှုများ မပြုရန်၊ ပြည်တွင်းစစ်ချုပ်ငြိမ်းရေး လူ့အခွင့်အရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ပြည်သူလူထု၏အသံကို အစိုးရတပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နှစ်ဘက်စလုံးက အလေးထား နားထောင်ဆောင်ရွက်ပေးရန် စသည့် အချက်များ ပါဝင်သည်။

စစ်တွေမြို့တွင်ပြုလုပ်သည့် ယင်းဖိုရမ်ကို ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များအစည်းအရုံး (AASYC) နှင့် ရခိုင်အမျိုးသမီးကွန်ရက် (RWN) တို့က ဦးဆောင်ပြုလုပ်ခြင်းဖြစ်သည်။

**ရွှေလေး**




ဓာတ်ပုံ - Ministry of Foreign Affairs Myanmar Facebook

# အမျိုးသမီး သံအမတ်ကြီးတစ်ဦး ထပ်မံခန့်အပ်

**အောက်တိုဘာ ၂၃၊ ၂၀၁၉**

NLD အစိုးရက အမျိုးသမီးသံအမတ်ကြီးအဖြစ် ဒေါ်မွေးမွေးခိုင်ကို အောက်တိုဘာလ (၂၁) ရက်နေ့က ခန့်အပ်လိုက်သည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

နိုင်ငံတော်သမ္မတသည် နယူးယောက်မြို့မှ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးမှ ဒုတိယအမြဲတမ်းကိုယ်စားလှယ် ဒေါ်မွေးမွေးခိုင်အား အီတလီသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော မြန်မာသံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။ ယခုနှစ် ဖွန်လက ချက်သမ္မတနိုင်ငံ မြန်မာသံအမတ်ကြီးအဖြစ် ဒေါ်ကေသီစိုးကို ခန့်အပ်ခဲ့ပြီး ဒေါ်မွေးမွေးခိုင်သည် မြန်မာနိုင်ငံ၏ ခြောက်ယောက်မြောက် အမျိုးသမီးသံအမတ်ဖြစ်သည်။

ယခင်က မြန်မာအမျိုးသမီးသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူများကတော့ ဗိုလ်ချုပ်အောင်ဆန်း၏ဇနီး၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏မိခင် ဒေါ်ခင်ကြည်(အိန္ဒိယ)၊ ဒေါ်ယဉ်ယဉ်မြင့်(ဂျာမဏီ)၊ ဒေါ်မော်မော်(နော်ဝေ)နှင့် ဒေါ်အိအိခင်(အင်ဒိုနီးရှား)တို့ဖြစ်သည်။

**ရွှေလေး**



ဓာတ်ပုံ-https://en.wikipedia.org

**ကမ္ဘာကျော်တို့ရဲ့ ပြောစကား**

"ကမ္ဘာကြီးမှာ အမျိုးသမီးတွေဟာ ထုတ်မသုံးရသေးတဲ့ အကြီးမားဆုံး စွမ်းရည်ပါရမီ စုစည်းထားသူတွေ ဖြစ်ကြတယ်"

------ Hillary Diane Rodham Clinton (American politician & Diplomat)

# ၂၀၁၉ ခုနှစ် Human Rights Tulip ဆု အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ရရှိ

**နိုဝင်ဘာ ၁၅၊ ၂၀၁၉**

မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်သံရုံးက ချီးမြှင့်သည့် ၂၀၁၉ ခုနှစ် Human Rights Tulip ဆုကို အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) (Women's League of Burma - WLB) က ရရှိခဲ့သည်။

ရန်ကုန်အခြေစိုက် နယ်သာလန်သံရုံး၏ သတင်းထုတ်ပြန်ချက်အရ ၂၀၁၉ ခုနှစ် Human Rights Tulip ဆုအတွက် တစ်ဦးချင်းနှင့် အဖွဲ့အစည်းတစ်ခုကို ရွေးချယ်ခဲ့သည်ဟု သိရသည်။ ဆုရရှိသူများမှာ လူမှုသဟဇာတဖော်ဆောင်ရေးအဖွဲ့ (Synergy) မှ ကိုသက်ဆွေဝင်းနှင့် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) တို့ဖြစ်ပါသည်။ ထူးချွန်ပြောင်မြောက်သည့် လူ့အခွင့်အရေးဆိုင်ရာလှုပ်ရှားမှုများနှင့် လူ့အခွင့်အရေးစည်းရုံးလှုံ့ဆော်မှုတွင် ပေါင်းကူးတံတားများအဖြစ် တည်ဆောက်ခြင်းတို့ကြောင့် ရွေးချယ်ခဲ့သည်ဟု သိရသည်။

Human Rights Tulip ဆုဟာ ဒက်ချ်အစိုးရက နှစ်စဉ်ချီးမြှင့်သည့် ဆုတစ်ခုဖြစ်ပြီး ထူးချွန်ရဲရင့်သော လူ့အခွင့်အရေးကာကွယ်သူများကို ချီးမြှင့်ခြင်းဖြစ်သည်။ ယင်းဆုကို ချီးမြှင့်ခြင်းအားဖြင့် လူ့အခွင့်အရေးကာကွယ်သူများသည် သူတို့၏လုပ်ငန်းများကို ဆက်လက်လုပ်ဆောင်ရန်နှင့် သူတို့၏အဖြစ်အပျက်များကို မျှဝေရန်အတွက် နယ်သာလန်နိုင်ငံက ထောက်ပံ့ပေးခြင်းဖြစ်သည်။

**ရွှေလေး**



ဓာတ်ပုံ - Women's League of Burma - WLB FB